
## နေပြည်တော်



နေပြည်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အလယ် ဗဟိုတွင် တည်ရှိပြီး ရန်ကုန်မြို့မှ (၃၉၁) ကီလိုမီတာနှင့် မန္တလေးမြို့မှ(၃၀၂) ကီလိုမီတာ အကွာတွင်တည်ရှိပါသည်။ နေပြည်တော်ကို ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ၊ ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းအစရှိသည့် မြို့နယ် (၈) မြို့နယ်ဖြင့် ဖွဲ့စည်းထားပါသည်။


## လမ်းပန်းဆက်သွယ်ရေး



နေပြည်တော်သို့ ရန်ကုန်နှင့် မန္တလေးမြို့များမှ လေယာဉ်ခရီးစဉ်များ နေ့စဉ်ပုံသန်း ပြေးဆွဲလျက်ရှိပြီး ပုဂံ၊ ဟဲဟိုး၊ စစ်တွေ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် အခြားမြို့ကြီးများအကြား လေယာဉ်ခရီးစဉ်များလည်း ပျံသန်းပြေးဆွဲလျက်ရှိပါသည်။ ထို့ပြင်နေပြည်တော်နှင့် အခြားမြို့ကြီးများအကြား ခေတ်မီအဆင့်မြင့် ခရီးသည်တင်မော်တော်ယာဉ်များလည်း နေ့စဉ်ပြေးဆွဲလျက်ရှိပါသည်။


နေပြည်တော်မှ ရန်ကုန်၊ မန္တလေး၊ ပုဂံစသည့်မြို့များသို့လည်း မီးရထားလမ်းဖြင့်လည်း သွားလာနိုင်ရာခရီးသွားများအနေဖြင့် နေပြည်တော်သို့ လေကြောင်းခရီးစဉ် သာမက အဝေးပြေး ယာဉ်များ၊ ရထားများဖြင့်လည်း လာရောက်နိုင်ပါသည်။

## ဥပ္ပါတသန္တိစေတီတော်




ဥပ္ပါတသန္တိစေတီတော်သည် နေပြည်တော်ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီးအနီး နေပြည်တော် ပျဉ်းမနားမြို့၏ အနောက်မြောက်ဘက်(၂)မိုင်(၄)ဖာလုံခန့် အကွာတွင် တည်ရှိပါသည်။ နေပြည်တော်၏ ထင်ရှားသည့် တန်ခိုးကြီးဘုရား တစ်ဆူဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓစွယ်တော်ရုပ်ပွားတော်ကို ဌာပနာထားပါသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူ ဉာဏ်တော်အမြင့်အောက် (၁) ပေလျှော့၍ ဉာဏ်တော်အမြင့် (၃၂၅) ပေရှိပြီး (၂၈-၇-၂၀၀၆) ရက်နေ့တွင် စတင်တည်ထားခဲ့ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူများအားလုံး ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်မှ ကင်းဝေးစေပြီး ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာဖြင့် ပြည့်စုံစေရန် ရည်ရွယ်၍ " ဖြစ်ပေါ်တွေ့ကြုံလာသည့် ဘေးအန္တရာယ်အားလုံးငြိမ်းအေးစေခြင်း " ဟု မြန်မာပြန်အနက်အဓိပ္ပါယ် ရသော "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ဟု ပူဇော်သမုတ်ခဲ့သည်။ ဥပ္ပါတသန္တိစေတီတော်ခြေတော်ရင်းတွင် ဆင်ဖြူတော်များ ဥယျာဉ်တင်းကုပ်ရှိပြီး ခရီးသွားဧည့်သည်များ အနေဖြင့် ဆင်ဖြူတော်တင်းကုပ်သို့လည်း သွားရောက်လေ့လာနိုင်ပါသည်။

## မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး




မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးသည် နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဖိုးစောင်းတောင်ရှိ အောင်မောဋ္ဌိ တောင်ညွန့်ထက်၌ တည်ရှိပါသည်။ ဉာဏ်တော်အမြင့် (၃၂) ပေရှိ ရပ်တော်မူ ကိုယ်တော်ကြီး ဖြစ်ပြီး တန်ချိန်ပေါင်း (၁၀၉) တန်ရှိ၍ စကျင်ကျောက်ရပ်တော်မူဆင်းတုများအနက် ဉာဏ်တော်အမြင့်ဆုံး ရုပ်ရှင်တော်မြတ်ကြီးဖြစ်သည်။ (၃-၈-၂၀၁၄) ရက် နေ့တွင် စတင်တည်ထားခဲ့ပါသည်။ ပုဂံအာနန္ဒာလိုဏ်ဂူတော်အတွင်းရှိ ကဿပဘုရားရှင်၏ အရွယ်တူ၊ ပုံစံတူ ရပ်တော်မူ ရုပ်ပွားတော်အတိုင်း ထပ်ထူထပ်မျှ ဖြစ်စေရန် ထုလုပ်ခဲ့ခြင်းဖြစ်ပြီး မူလလက်ရာအတိုင်းပင် အနီးမှဖူးလျှင် တည်ကြည်ဟန်၊ အလယ်မှဖူး လျှင် ပြုံးနေဟန်၊ အဝေးမှဖူးလျှင် ကြည်လင်ဝင်းပပြုံးနေဟန်စသည့် ခံစားမှုများကိုလည်း တွေ့ရှိခံစားရ မည်ဖြစ်ပါသည်။ ရုပ်ပွားတော်ကြီး၏ မျက်နှာစာ တောင်ဘက်မုခ်တွင် လွန်ခဲ့သော နှစ်ပေါင်း (၈၀) ခန့်က တည်ရှိခဲ့သည့် ပညောင်ပင်ကြီးကို ရုပ်ပွားတော်နှင့်အတူ ပနံတင့်စွာ တွေ့မြင်နိုင်သည်။

## ဗုဒ္ဓဂါယာ သို့မဟုတ် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီး



သတ္တသတ္တာဟမဟာဗောဓိစေတီတော်သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ခွာညိုပန်းအဝိုင်းမှ တပ်ကုန်းမြို့သို့သွားရာ ကားလမ်းအနီး ဥဒယရံသီကုန်းတော်တွင် တည်ရှိပါသည်။ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိစေတီတော်ပရိဝုဏ်အတွင်းမှ သတ္တသတ္တာဟ ခုနစ်ဌာနနှင့် ပုံစံတူ နေပြည်တော်၌ ဗုဒ္ဓဂါယာ သို့မဟုတ် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးကို သပ္ပါယ်စွာ တည်ဆောက်ထားခြင်းဖြစ်ရာ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဂါယာကို မသွားရောက်နိုင်ကြသောသူများ အလွယ်တကူလာရောက်ဖူးမြော်နိုင်ပါသည်။ မဟာဗောဓိစေတီတော်သည် ဉာဏ်တော်အမြင့် (၁၆၂) ပေရှိပြီး စေတီတော်အတွင်းတွင် မြတ်ဗုဒ္ဓ၏ မဇ္ဈိမ ခရီးစဉ် ဗုဒ္ဓဂါယာခေတ်ပုံများ ပြသထားပါသည်။ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ဘုရားပရိဝုဏ် တွင်းတွင် မဟာဗောဓိပင်တော်နှင့် ရွှေပလ္လင်တော်၊ အနိမိသစေတီတော်၊ စင်္ကြံတော်၊ ရတနာဃရ ရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒအိုင်၊ ရာဇာယတန လင်းလွန်းပင်ဟူ၍ ခုနစ်ဌာနရှိပါသည်။

## ရန်အောင်မြင်ချမ်းသာ ဘုရားကြီး




ရန်အောင်မြင်ချမ်းသာဘုရားကြီးသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာအုပ်စု မြို့ပတ်လမ်း ရန်ကင်းတောင်ခြေအနီးတွင် တည်ရှိပါသည်။ ဉာဏ်တော် အတောင် (၉၀)၊ ပေအားဖြင့် (၁၃၅) ပေ ရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကြီးအား (၂၁-၁၂-၂၀၁၅) ရက်နေ့တွင်တည်ထား ကိုးကွယ်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ ချစ်ခင်ရင်းနှီးမှုအား ကိုယ်စားပြု၍ ရန်အောင်မြင်ချမ်းသာဘုရားကြီး၏ အရှေ့ဘက်မုခ်တွင် ရှမ်းလက်ရာမုခ်ဦး၊ ကျားရုပ်၊ အနောက်ဘက်တွင် မွန်လက်ရာမုခ်ဦး၊ မနုဿီဟရုပ်၊ တောင်ဘက်တွင် ရခိုင်ကိုယ်စားပြု ရခိုင်မုခ်ဦး၊ ဘီလူးရုပ်၊ မြောက်ဘက်တွင် မြန်မာကိုယ်စားပြု မြန်မာလက်ရာမုခ်ဦး၊ ခြင်္သေ့ရုပ်များထည့်သွင်း တည်ဆောက်ထားပါသည်။ ထို့ပြင် အရပ်လေးမျက်နှာတွင် အရံစေတီ ပုထိုးပေါင်း (၉၀) ဆူတည်ထားပြီး ကြာပလ္လင်ခံ ထိုင်တော်မူဘုရား(၈)ဆူနှင့် မြတ်စွာဘုရား၏ ခြေတော်ရာတစ်စုံကိုလည်း တည်ထားပါသည်

## လှေခွင်းတောင်ဘုရား



လှေခွင်းတောင်သည် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ရွာတွင် တည်ရှိသည်။ ဒဏ္ဍာရီအရ သိုက်နန်းရှင်များနှင့် ရွှေလှေငွေလှေများ တောင်ကိုခွင်း၍ဝင်ရောက်ပျောက်ကွယ်သွားသည်ကို အကြောင်းပြု၍ လှေခွင်းတောင်ဟုခေါ်ကြပါသည်။ ဒေသခံများက လှေထွင်းတောင်၊ လေတွင်းတောင် ဟုလည်းခေါ်ကြသည်။ (၁၅၉၈) ခုနှစ်တွင် ဘုန်းတော်ကြီး ခင်ကြီးဖြူမှ မျက်နှာကိုးဘက်ရှိ ကိုးမုတ်ပြန်စေတီကို တည်ထားကိုးကွယ်ခဲ့သည်။ တောင်ပေါ်သို့ ကားဖြင့်တက်ရောက်နိုင်ပြီး တောင်ထိပ်တွင် လှေခွင်းတောင်ဘုရားကို ဖူးမြော်နိုင်သည့်အပြင် ရွှေလှေငွေလှေနှစ်စင်းကိုလည်း မြင်တွေ့နိုင်ပါသည်။ လှေခွင်းတောင်ပေါ်မှနေ၍ အောက်ပေါင်းလောင်းဆည်နှင့် စစ်တောင်းမြစ်တို့၏အလှကို တွေ့မြင်နိုင်ပါသည်။ တောင်ခြေအနီးတွင် လှေခွင်းတောင်အပန်းဖြေစခန်းရှိရာ ပေါင်းလောင်းမြစ် (စစ်တောင်းမြစ်) မြစ်ဆိပ်ကမ်းခြေရှိ စားသောက်ဆိုင်များတွင် ဒေသထွက်အစားအစာများစားသုံးရင်း အပန်းဖြေအနားယူနိုင်ပါသည်။

## ဆင်ဖြူတောင်ဘုရား



ဆင်ဖြူတောင်စေတီသည် ပျဉ်းမနားမြို့ အရှေ့မြောက်ဘက် (၇) မိုင်အကွာ ပေါင်းလောင်းမြစ် အရှေ့ဘက်ကူးတို့ဆိပ် ကျေးရွာအုပ်စု ဝဲကြီးကျေးရွာတွင်တည်ရှိပါသည်။ တောင်ထိပ်တွင် မဟာမုနိရုပ်ပွားတော်တစ်ဆူနှင့် ဉာဏ်တော် (၁၅) ပေ အမြင့်ရှိသော ဆင်ဖြူတောင် စေတီတစ်ဆူ တည်ရှိပါသည်။ တောင်ပေါ်သို့တက်ရောက်ရန် အရှေ့မြောက်ဘက်နှင့် အနောက်ဘက်တွင် စောင်းတန်းနှစ်သွယ်ရှိသော်လည်း အနောက်ဘက်စောင်းတန်းမှာ ပေါင်းလောင်းရေလှောင်ဆည်၏ ရေလွှမ်းမိုးမှုကြောင့် အသုံးပြု၍ မရဘဲ အရှေ့မြောက်ဘက် စောင်းတန်းမှသာ တက်ရောက်နိုင်ပါသည်။ တောင်ခြေတွင် (၁၉၃၁) ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီဦးဆောင်၍ ပျဉ်းမနားမြို့မှ သူဌေးဦးလန်းနှင့် ဒေါ်မမလေးတို့ ဆောက်လုပ်လှူဒါန်းထားသည့် ကိုးခန်းကြီးဇရပ် တစ်ဆောင်တည်ရှိပြီး ကိုလိုနီခေတ် သွပ်ပန်းချီလက်ရာများ မြင်တွေ့နိုင်ပါသည်။ တောင်ပေါ်သို့တက်ရာ စောင်းတန်းတလျှောက်တွင် ဘုရားစေတီများနှင့် နတ်နန်းတစ်ခုကို မြင်တွေ့နိုင်ပါသည်။ ဆင်ဖြူတောင်နှင့်အနီးပတ်ဝန်းကျင်တွင် မျောက် များကိုလည်း အစာကျွေးနိုင်ပါသည်။

## နေရောင်ပြအင်းဘုရား




နေရောင်ပြအင်းဘုရားသည် နေပြည်တော် ပျဉ်းမနားမြို့မှ (၃) မိုင်ခန့်အကွာတွင် တည်ရှိသည်။ ဉာဏ်တော်အမြင့်မှာ (၁၀၈)တောင်အမြင့်၊ ရွှေထီးတော် မြတ်ကြီးမှာ အချင်း (၉)ပေ၊ အမြင့် (၂၇)ပေရှိပါသည်။ အင်းအလယ်တွင် တည်ထားသော စေတီတစ်ဆူ ဖြစ်ပြီး နေရောင်ပြအင်းပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးဟု ဘွဲ့အမည်တွင် ပါသည်။ ယနေ့အချိန်တွင် အင်းကြီးမှာ လုံးဝတိမ်ကောနေပြီဖြစ်သည်။

## လက်လုပ်တောင်တောရ ရွှေနန်းသွင်းစေတီ




နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီးအနီးတွင်တည်ရှိပါသည်။ အတောင် (၃၀)ခန့် ဉာဏ်တော်အမြင့်ရှိသည့် နန်းသွင်းစေတီတော်မြတ်ကြီးတည်ရှိရာ လက်လုပ်တောင်တောရသည် နေပြည်တော်၏ သမိုင်းဝင်ထူးခြားသည့် နေရာတစ်ခုဖြစ်ပါသည်။ လက်လုပ်တောင်၏ မြောက်အရပ် တစ်မိုင်ခွဲခန့်မှ မြေများကို လူတစ်ရစ်နတ်တစ်ရစ် သယ်ဆောင်၍ ညတွင်းချင်းပြီးအောင်ဖို့ကြရာ မြေများကို လက်ခုပ်ဖြင့်သယ်ပြီးဖို့ကြသောကြောင့် လက်ခုပ်တောင်အမည်တွင် ရာမှနောက်တွင် လက်လုပ်တောင်ဟု အမည်တွင်ခဲ့လေသည်။ မြေသယ်ယူရာအရပ်တွင် ညတွင်းချင်းရေကန်ဖြစ်သွားပြီး ထိုရေကန်အနီးရှိရွာကို ကန်လှရွာဟုသိရပါသည်။ ယနေ့ထက်တိုင်ရှိနေသေးသည်။ လက်လုပ်တောင်တွင် နောက်ပွင့်မည့် အရိမေတ္တယျဘုရားအတွက် ရွှေတိုက်၊ ငွေတိုက်၊ ကျောက်သံပတ္တမြားတိုက်၊ ပြဒါးတိုက် လေးခုတည်၍ မြေမြှုပ်ထားရှိခဲ့သည်ဟု သိရှိရပါသည်။

## ညောင်ပင်ကြီးစုရှေးဟောင်းဘုရားစေတီများ(သို့) နေပြည်တော်ပုဂံ



ညောင်ပင်ကြီးစု ရှေးဟောင်းဘုရားစေတီများသည် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကျေးရွာတွင် တည်ရှိပါသည်။ ပျဉ်းမနား - တောင်ညိုလမ်းမကြီးနှင့် ရာဇဌာနီလမ်းမကြီး ဆက်သွယ်ထားသော တော်ဝင်ရတနာလမ်းမှတဆင့် သွားရောက်နိုင်သည်။ လွန်ခဲ့သောနှစ်ပေါင်း(၁၆၀)ခန့်၊ ဘိုးတော်ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် (၁၂၂၀) ပြည့်နှစ်တွင် တည်ထားကိုးကွယ်ခဲ့သည် ဟုသိရှိရပြီး ဒေသခံများက နေပြည်တော်ပုဂံဘုရားများဟု တင်စားခေါ်ဝေါ်ကြသည်။ ပုဂံတွင်တည်ရှိသော စေတီများနှင့် ပုံစံတူသည့် ယင်းဘုရားစေတီများအနီးတွင် သက်တမ်းရင့် ထန်းပင်ကြီးများရှိပြီး၊ စေတီများကို အစု (၃) စုဖြင့် တွေ့မြင်နိုင်ကာ စေတီတော် စုစုပေါင်း (၄၂) ဆူနှင့် ခုနစ်ပေပတ်လည်အကျယ်ရှိ အမိုးမိုးထားသော ရှေးဟောင်း ရေတွင်းတစ်တွင်းလည်းတည်ရှိပါသည်။ ဘုရားစေတီများအနီးရှိ ဘုန်းတော်ကြီးကျောင်းတွင်လည်း ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသော ရှေးဟောင်းရွှေခုတင်ကြီးကိုလည်း ဝင်ရောက်လေ့လာနိုင်ပါသည်။

## မြန်မာ့ကျောက်မျက်ရတနာပြတိုက်




မြန်မာ့ကျောက်မျက်ရတနာပြတိုက်သည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းအဝိုင်း (ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်အဝိုင်း) အနီး ရာဇသင်္ဂဟလမ်းပေါ်တွင် တည်ရှိသည်။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်း ဝယ်ရေးလုပ်ငန်း၏ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gems Museum) (နေပြည်တော်) ကို (၁၂-၂-၂၀၀၉) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ အကျယ်အဝန်း (၁၂.၅) ဧကတွင် တည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏အကြီးဆုံး ကျောက်မျက်ရတနာပြတိုက်ကြီး တစ်ခုဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာပြတိုက်မှာ အထပ် (၃) ထပ်ပါရှိပြီး မြေညီထပ်တွင် ရုံးခန်း၊ အခြားခန်းများ၊ ကားရပ်နားနိုင်ရန် နေရာပါရှိသည်။ ပထမထပ်တွင် ကျောက်မျက်ရတနာဆိုင်ခန်းများ၊ ဒုတိယထပ်တွင် ပြခန်းများပါရှိသည်။ ပြတိုက်ကို တနင်္လာနေ့နှင့် နေ့ထူးနေ့မြတ် ရုံးပိတ်ရက်များမှအပ ကျန်ရက်များအားလုံးတွင် နံနက် (၀၉:၃၀) နာရီချိန်မှ ညနေ (၁၆:၀၀) နာရီချိန်ထိ မည်သူမဆို သတ်မှတ်ဝင်ကြေးပေးဆောင်၍ ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

## အမျိုးသားပြတိုက်



အမျိုးသားပြတိုက် (နေပြည်တော်) သည် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟအဝိုင်း အနီး ရာဇသင်္ဂဟ လမ်းမကြီးပေါ်တွင် တည်ရှိပြီး (၁၅-၇-၂၀၁၅) ရက်နေ့တွင်ဖွင့်လှစ်ခဲ့ပါသည်။ ဧရိယာအားဖြင့် (၃၄.၇၉) ဧက ကျယ်ဝန်းပါသည်။ အဆောင်ငါးဆောင်ဖြင့် ဖွဲ့စည်းထားကာ လက်ရှိအချိန်ထိ ပြသထားသည့် ပြခန်းများမှာ နိုင်ငံတော်သမ္မတ၏ လက်ဆောင်ပစ္စည်းများပြခန်း၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ မြန်မာ့အနုသုခုမပြခန်းနှင့် မြန်မာ့ပန်းချီပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေးသူငယ် ပညာပေးပြခန်းတို့ဖြစ်သည်။ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပြတိုက်ပိတ်ပြီး ကျန်နေ့ရက်များတွင် နံနက် (၀၉:၃၀) နာရီ မှ ညနေ (၁၆:၃၀) နာရီအထိ သွားရောက်လေ့လာနိုင်ပါသည်။

## တပ်မတော်စစ်သမိုင်းပြတိုက်






နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင် အမှတ်(၂၅၉) မိုင် (၃) ဖာလုံအနီး တည်ရှိသည်။ စုပေါင်းဧရိယာ (၆၀၃.၆၈) ဧက ကျယ်ဝန်းသည့် တပ်မတော်စစ်သမိုင်းပြတိုက်၌ တပ်မတော်(ကြည်း)မှ ခင်းကျင်းပြသထားသည့် ပြခန်းဆောင်(၆)ဆောင်၊ တပ်မတော်(ရေ)မှ ခင်းကျင်းပြသထားသည့် ပြခန်းဆောင် (၃)ဆောင်၊ တပ်မတော်(လေ)မှ ခင်းကျင်းပြသထားသည့် ပြခန်းဆောင်(၃)ဆောင်ရှိပါသည်။ ရှေးခေတ်မြန်မာ့တပ်မတော် စတင်ပေါ်ပေါက်လာချိန်မှစ၍ မျက်မှောက်ကာလအထိ ခေတ်အဆက်ဆက်သမိုင်းများကို ကြည့်ရှုလေ့လာနိုင်ပါသည်။ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်းအတွင်းတွင် ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများ၊ ရှေးခေတ်တပ်မတော်သုံးပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ နယ်ချဲ့ဆန့်ကျင်ရေးကာလ မျိုးချစ်သူရဲကောင်းများ၏ အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ နယ်ချဲ့အင်္ဂလိပ်တို့ အသုံးပြုခဲ့သောလက်နက်ပစ္စည်းများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ကာကွယ်ရေး တပ်မတော်တို့တွင် အသုံးပြုခဲ့သော လက်နက်များနှင့် ပစ္စည်းကိရိယာများ၊ ဗိုလ်ချုပ်အောင်ဆန်းအသုံးပြုခဲ့သောပစ္စည်းများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း ဗြိတိသျှနှင့်ချုပ်ဆိုခဲ့သော သမိုင်းဝင်စာချုပ်စာတမ်းများ၊ လွတ်လပ်ရေးရပြီးနောက် မြန်မာ့တပ်မတော်မှ ဆင်နွှဲခဲ့သော သမိုင်းဝင်တိုက်ပွဲကြီးများနှင့် စစ်ဆင်ရေးများ၊ အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ တပ်မတော်ခေါင်းဆောင်များအား ပြည်ပနိုင်ငံများနှင့် တိုင်းရင်းသားခေါင်းဆောင်များက ပေးအပ်ခဲ့သော လက်ဆောင်ပစ္စည်းများကို စုံလင်စွာခင်းကျင်းပြသထားပါသည်။


## သူရဲကောင်းဗိမာန်





သူရဲကောင်းဗိမာန်သည် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ဇေယျာသီရိမြို့နယ်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပရာ စစ်ရေးပြကွင်း၏အရှေ့ဘက် ပေ (၃၀၀၀) ခန့် အကွာတွင်ရှိသော အကျယ်အဝန်း (၃၈.၅) ဧကခန့်ရှိသည့် တောင်ကုန်းတစ်ခုပေါ်၌ တည်ရှိသည်။ သူရဲကောင်းဗိမာန်သည် အလျား၊ အနံ၊ အမြင့် (၅၄) ပေစီရှိကာ စကျင်ကျောက်များဖြင့် တည် ဆောက်ထားပြီး (၂၇-၃-၂၀၁၇) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် မိမိအသက်ကိုပင်ပဓာနမထားဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးလှူခဲ့သော တပ်မတော်သားများနှင့် အရပ်သား သူရဲကောင်းများအတွက် ဂုဏ်ပြုတည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ဗိမာန်ကြီး၏ အဆောက်အဦးအတွင်းတွင် အလျား (၄) ပေ၊ အနံ (၄) ပေ၊ အမြင့် (၁၂) ပေရှိ အထိမ်းအမှတ်စကျင်ကျောက်တိုင်ရှိပြီး အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းချ၍ မြန်မာနိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရသူများအား အလေးပြုရန်နေရာရှိသည်။ သူရဲကောင်း ဗိမာန်၏ အတွင်းနံရံများပေါ်တွင် အလျား (၁၂) ပေ၊ အနံ (၁၁) ပေရှိ ကြေးပြားဆိုင်းဘုတ် (၈) ချပ်ပေါ်၌ နိုင်ငံအတွက် အသက်စွန့်လွှတ်ခဲ့သော သူရဲကောင်းများ၏ အမည်နာမများကို ကမ္ပည်းတင်ရေးထိုးထားပါသည်။ အဆိုပါ ဗိမာန်ကြီး၏ အနောက်တောင်ဘက်တွင် မင်းသုံးပါးရုပ်တုနှင့် တပ်မတော်နေ့ စစ်ရေးပြကွင်းကြီးကို တွေ့မြင်နိုင်သည်။ သူရဲကောင်းဗိမာန်ကို နေ့စဉ်နံနက် (၁၀) နာရီမှ ည (၉) နာရီအထိ ဖွင့်လှစ်ထားရှိပြီး မည်သူမဆိုအခမဲ့ ဝင်ရောက်လေ့လာနိုင်ပါသည်။

## လှေခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း



နေပြည်တော်၊ဇေယျာသီရိမြို့နယ်၊ ကျည်တောင်ရွာတွင်တည်ရှိသည့် လှေခွင်းတောင်ဘုရား တောင်ခြေတွင် တည်ရှိပါသည်။ အလွန်သာယာလှပသော ပေါင်းလောင်းမြစ်ကမ်းနှင့် ပေါင်းလောင်းဆည်မှ စီးဆင်းလာသော ကြည်လင်အေးမြသည့် အပန်းဖြေရေကူးရန်နေရာများရှိပါသည်။ မြစ်ကမ်းဘေးတစ်လျှောက်တွင် စားသောက်ဆိုင်များရှိပြီး အဆိုပါစားသောက်ဆိုင်နေရာများမှ အပန်းဖြေရေကူး၍ ရသကဲ့သို့ လှေစီးခြင်း၊ ဘောကွင်းများစီးခြင်းများကိုလည်း ပြုလုပ်နိုင်ပါသည်။ တောတောင်သဘာဝများနှင့် လေကောင်းလေသန့်ရရှိပြီး အနားယူအပန်းဖြေနိုင်သည့် နေရာကောင်းတစ်ခု ဖြစ်ပါသည်။